## မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစု
## Forum for Democracy in Burma

### အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါဝင်သော (သို့) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဝန်းရံနိုင်သော ပြည်တွင်းအမျိုးသားနိုင်ငံရေးတပ်ပေါင်းစုတရပ် ဖော်ဆောင်နိုင်ရေးအတွက်
### မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု၏ အမြင်သဘောထား

၁။ ယနေ့မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသော ပြဿနာသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် နအဖ စစ်အစိုးရတို့ အကြားတွင်သာ ဖြစ်ပျက်နေသော ပြဿနာမဟုတ်။ ဒီမိုကရေစီနိုင်ငံတော်သစ်ကို ဖြစ်နိုင်သမျှ ဆောလျင်စွာ တည်ဆောက်လိုသည့် လူမျိုးပေါင်းစုံ ပြည်သူလူထုကြီးနှင့် စစ်အာဏာရှင်စနစ်ကို ခိုင်မာသည်ထက်ခိုင်မာအောင် ပုံသဏ္ဍာန်အသစ်ဖြင့် ပြင်ဆင်ထူထောင်ရန် ကြိုးပမ်းနေသည့် နအဖ စစ်အစိုးရတို့အကြား ကြုံတွေ့ရင်ဆိုင်နေရသော ပဋိပက္ခကြီး ဖြစ်သည်။

တနည်းအားဖြင့် တန်းတူခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အပြည့်အဝ အာမခံနိုင်မည့် ဖယ်ဒရယ်ပြည်ထောင်စုစစ်စစ်ကို တည်ထောင်လိုသည့် လူမျိုးပေါင်းစုံပြည်သူလူထုကြီးနှင့် စစ်အာဏာရှင်စနစ်ကို အကာအကွယ်ပြုမည့် (ပြည်ထောင်စုအယောင်ဆောင်) တစ်ပြည်ထောင်စနစ်ကို တည်ဆောက်လိုသည့် နအဖ စစ်အစိုးရတို့အကြား ရင်ဆိုင်ကြုံတွေ့နေရသောပဋိပက္ခ ဖြစ်ပါသည်။ ဤပဋိပက္ခကို ဖြေရှင်းကျော်လွှားရန်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါဝင်သော (သို့) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုဝန်းရံသော ပြည်တွင်းအမျိုးသားနိုင်ငံရေးတပ်ပေါင်းစုတရပ် ဖော်ဆောင်နိုင်ရန် အရေးတကြီးလိုအပ်နေပါသည်။

မြန်မာနိုင်ငံ၏သမိုင်းစဉ်ကို လေ့လာသုံးသပ်ကြည့်ပါက နိုင်ငံအတွက် အရေးကြီးသည့်အလှည့်အပြောင်းကာလတိုင်းတွင် အမျိုးသားသွေးစည်းညီညွတ်မှုဖြင့် (တနည်းအားဖြင့်) တပ်ပေါင်းစုဖြင့်သာ အောင်ပွဲခံခဲ့ကြသည်ကို တွေ့ရှိနိုင်ပါသည်။ တို့ဗမာအစည်းအရုံး၏ဦးဆောင်မှုဖြင့် တစ်မျိုးသားလုံးပါဝင်သည့် ၁၃၀၀ ပြည့်အရေးတော်ပုံကြီးကို ဆင်နွဲကာ ဒေါက်တာဗမော်အစိုးရကို ဖြုတ်ချနိုင်ခဲ့သည်။ အင်အားစုအသီးသီးပါဝင်သည့် ဖဆပလ အဖွဲ့ကြီး၏ ဦးဆောင်မှုဖြင့် ဖက်ဆစ်ဂျပန်ကို မြန်မာ့မြေပေါ်မှ မောင်းထုတ်နိုင်ခဲ့ကြသည်၊ နယ်ချဲ့အင်္ဂလိပ်၏ ဆင်းမလားစက္ကူဖြူစီမံကိန်းနှင့် ကက်စ်ဘီ အုပ်ချုပ်ရေးကို ဖျက်သိမ်းနိုင်ခဲ့ကြသည်၊ ပင်လုံညီလာခံစိတ်ဓာတ်ဖြင့် လွတ်လပ်ရေးကို အရယူနိုင်ခဲ့ကြသည်။

ဤတိုက်ပွဲစဉ်တိုင်းတွင် အင်အားစုအသီးသီးပါဝင်သော အမျိုးသားနိုင်ငံရေးတပ်ပေါင်းစုများက လူမျိုးစုံ ပြည်သူလူထုကြီး၏ ထောက်ခံယုံကြည်မှုကို အရယူကာ အင်အားကြီးမားသော၊ ဖောက်ပြန်ရက်စက်သော အုပ်စိုးသူများကို ဖြုတ်ချအနိုင်ယူနိုင်ခဲ့သည်ဟု ကျွန်ုပ်တို့ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုမှ အလေးအနက်ခံယူပါသည်။

၂။ မြန်မာနိုင်ငံ၏နိုင်ငံရေးပြဿနာများကို နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးအဖြေရှာရန်အတွက် နဝတ စစ်အုပ်စုအား ဒီမိုကရေစီအင်အားစုများဘက်မှ ၁၉၈၉ ခုနှစ် ဇူလိုင်လကတည်းက စတင်တောင်းဆိုခဲ့ကြသည်။ ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံရေးပါတီ ၁၀၄ ပါတီ၏ ကိုယ်စားလှယ်အဖြစ် နဝတ စစ်အစိုးရနှင့် တွေ့ဆုံဆွေးနွေးရန် တညီညွတ်တည်း ရွေးချယ်ခဲ့ကြသည်။ သို့သော် နဝတ၊ နအဖ စစ်အစိုးရသည် လူထုကြီး၏ဆန္ဒကိုလည်းကောင်း၊ ဒီမိုကရေစီအင်အားစု အသီးသီး၏ တင်ပြတောင်းဆိုမှုကိုလည်းကောင်း အစဉ်တစိုက် လစ်လျူရှု ငြင်းပယ်ခဲ့ကြသည်။

ဒီမိုကရေစီအင်အားစုအသီးသီးသည် ၁၉၉၀ ရွေးကောက်ပွဲကာလတွင်လည်းကောင်း၊ ၁၉၉၀ ဇူလိုင်လ ဂန္ဒီခန်းမ ညီလာခံကာလတွင်လည်းကောင်း လူထု၏ တခဲနက်ထောက်ခံယုံကြည်မှုကို အပြည့်အဝ ရရှိခဲ့ကြသည်။ ဤသည်မှာ ဒီမိုကရေစီအင်အားစုများက စုစည်းညီညွတ်စွာဖြင့် မှန်မှန်ကန်ကန် ခေါင်းဆောင်မှုပေးနိုင်နေသမျှကာလပတ်လုံး ပြည်သူလူထုကြီးသည်လည်း မကုန်ခမ်းနိုင်သည့်အင်အားများဖြင့် ဒီမိုကရေစီအင်အားစုများဘက်တွင် အဆင်သင့်ရှိနေကြမည်ကို ပြသခဲ့ခြင်းပင်ဖြစ်ပါသည်။

ဖိနှိပ်ခြိမ်းခြောက်မှုအမျိုးမျိုးရှိခဲ့သော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ တရားဝင်ပါတီတစ်ရပ် လုပ်ပိုင်ခွင့်ဘောင်အတွင်းမှလှုပ်ရှားမှုများကို လူထုကြီးသည် ပုံသဏ္ဍာန်မျိုးစုံဖြင့် ထောက်ခံပါဝင်ခဲ့ကြသည်။ ၁၉၉၅– ၉၆ ခုနှစ် ဒေါ်အောင်ဆန်းစုကြည်ခြံရှေ့ စကားဝိုင်းများတွင်လည်းကောင်း၊ ဂွတ္တလစ်တရားပွဲများနှင့် ဦးကြည်မောင်အိမ်မှအထွက် ကြို/ဖွဲ့ များ ဝိုင်းဝန်းရိုက်နှက်သည့်လုပ်ကြံမှုတွင်လည်းကောင်း၊ ဒေါ်အောင်ဆန်းစုကြည်ခရီးစဉ်များတွင်လည်းကောင်း၊ နောက်ဆုံး ဒီပဲရင်းလုပ်ကြံမှုတွင်လည်းကောင်း လူထုကြီးသည် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်အတူ ရဲရဲရင့်ရင့် ပါဝင်ခဲ့ကြသည်ကို ကျွန်ုပ်တို့ အလေးအနက် တန်ဖိုးထားအပ်ပါသည်။

၃။ စစ်အစိုးရသည် နိုင်ငံတကာကပင် ဝိုင်းဝန်းကန့်ကွက်ခဲ့ကြသည်အထိ ရက်ရက်စက်စက် ကျူးလွန်ခဲ့သော ဒီပဲရင်းလုပ်ကြံမှုကို မဖြေရှင်းပေးသေးရုံသာမက ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးတို့ကို ဆက်လက်ထိန်းသိမ်းထားပြီး၊ အဖွဲ့ချုပ်ရုံးခန်းများကိုလည်း ဆက်လက်ပိတ်ပင်ထားကာ ‘အမျိုးသားညီလာခံ’ ဟူသည်ကို အခြေခံမူ ၁၀၄ ချက်၊ ဦးတည်ချက်နံပါတ် ၆ အောက်တွင် ဇွတ်အတင်း ကျင်းပခဲ့သည်။

မကြာသေးမီက နအဖစစ်အစိုးရအဖွဲ့တွင်း ဖြုတ်ထုတ်ဖယ်ရှား ပြောင်းလဲမှုများနှင့် အခြားသော အာဏာချုပ်ကိုင်မှု အပြောင်းအလဲများ ရှိခဲ့သည်ကို တွေ့ရှိရသည်။ ၁၉၈၈ ခုနှစ် ဒီမိုကရေစီရေးလူထုလှုပ်ရှားမှုကြီးကို အကြမ်းဖက် ဖြိုခွဲကာ နိုင်ငံ့အာဏာကို စစ်တပ်အင်အားဖြင့်သိမ်းပိုက်ခဲ့သည့် စစ်အစိုးရအတွင်း ဤသို့သောအပြောင်းအလဲများသည် စင်စစ်အားဖြင့် ၎င်းတို့အကြား အချင်းချင်းအာဏာအဝေမတဲ့မှုများနှင့် အုပ်စုဖွဲ့အားပြိုင်မှုများကို အခြေခံကာ ပေါ်ပေါက်လာခြင်းမျှသာဖြစ်ပါသည်။ အာဏာကို ဆက်လက်ချုပ်ကိုင်ထားသူများထံမှ တိုင်းပြည်ဒီမိုကရေစီပြောင်းလဲရေးကို မမျှော်လင့်နိုင်ရုံမျှသာမက၊ စစ်အာဏာသက်ဆိုးရှည်ရန်ရည်ရွယ်သည့်ခြေလှမ်းများနှင့် တိုင်းပြည်ဖရိုဖရဲဖြစ်သွားနိုင်သည့် အလားအလာများကိုသာ တွေ့မြင်နေရပေသည်။

ဤသို့သောအနေအထားတွင် ပြည်သူလူထုကြီး၏ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အခြေအနေအရပ်ရပ်မှာ တနေ့တခြား ဆိုးဝါးသည်ထက် ဆိုးဝါးလာနေရာ ကျွန်ုပ်တို့မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုသည် ပကတိအခြေအနေအရပ်ရပ်အပေါ် အောက်ပါအတိုင်း ရှုမြင်သုံးသပ်ပြီး ဖြေရှင်းရန်နည်းနာကို ရှာဖွေခဲ့ကြပါသည်။

၄။ လက်ရှိအခြေအနေအပေါ် ရှုမြင်သုံးသပ်ချက်များအရ–

၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ပြည်သူလူထု၏မဲဆန္ဒ ၈၂ ％ ကျော်ဖြင့် အပြတ်အသတ် အနိုင်ရခဲ့သော်လည်း ၎င်းရွေးကောက်ပွဲရလဒ်ကို နဝတ/ နအဖ စစ်အစိုးရမှ ယခုချိန်ထိ လုံးဝပစ်ပယ် လျစ်လျူရှုထားခြင်း။

နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးအဖြေရှာရန်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် ဒီမိုကရေစီအင်အားစုအသီးသီးက အကြိမ်ကြိမ် တင်ပြတောင်းဆိုခဲ့သော်လည်း နဝတ/ နအဖ စစ်အစိုးရမှ ခေါင်းမာစွာငြင်းပယ်နေခြင်း၊ ကုလသမဂ္ဂအထွေထွေညီလာခံမှ ‘တွေ့ဆုံဆွေးနွေးပြီး အဖြေရှာရန်’ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရန် ပျက်ကွက်နေခြင်း။

၁၉၉၈ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့က ဖွဲ့စည်းခဲ့သော CRPP ၏ လှုပ်ရှားနိုင်စွမ်းကိုလည်း နအဖ မှ နည်းအမျိုးမျိုးဖြင့် ဟန့်တားနေခြင်း။

စစ်အုပ်စုသည် မည်သည့် နိုင်ငံရေးအင်အားစုများနှင့်မှ တိုင်ပင်ညှိနှိုင်း သဘောထားရယူမှု လုံးဝမရှိဘဲ ၎င်းတို့သဘောကျ Road Map ၇ ချက်ကို ကြေညာကာ တဖတ်သတ် ဇွတ်အတင်း အကောင်အထည်ဖော်နေခြင်း၊ ၁၉၉၀ ရွေးကောက်ပွဲတွင် အနိုင်ရရှိထားသော NLD, SNLD အပါအဝင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ စစ်မှန်သော တိုင်းရင်းသားကိုယ်စားလှယ်များ မပါဝင်ဘဲ အမျိုးသားညီလာခံ အတုအယောင်ကို တဖက်သတ်ကျင်းပနေခြင်း။

အဆိုပါညီလာခံသို့ တက်ရောက်နေသည့် အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ အမျိုးသားများတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များဆိုင်ရာ တင်ပြချက်များ၊ ဖက်ဒရယ်ပြည်ထောင်စုစစ်စစ်တည်ဆောက်နိုင်ရေးကို ရည်ရွယ်သည့် တင်ပြချက်များအား အကြောင်းအမျိုးမျိုးပြကာ ဖြုတ်ပယ်ပစ်ခြင်း။

ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားများကို ယခုအချိန်ထိ ဖမ်းဆီးထားခြင်း၊ NLD ရုံးများကို လုံးဝပြန်လည်ဖွင့်လှစ်ခွင့်မပေးသေးခြင်း၊ ယနေ့ထိလည်း ဖမ်းဆီး နှိပ်စက် ညှဉ်းပန်းမှုများကို ဆက်တိုက်ပြုလုပ် နေခြင်း။

ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည် အမြန်ဆုံးပြန်လည်လွှတ်ပေးရေး၊ နိုင်ငံရေးအကျဉ်းသားအားလုံး ချွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရေး၊ ရုံးခန်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပေးရေး တောင်းဆိုသည့် လူထုသဘောထား ရယူရေး လှုပ်ရှားမှု (Signature Campaign) ကို နည်းအမျိုးမျိုးဖြင့် တားမြစ်ခြိမ်းခြောက်နေခြင်း။

တည်ဆဲဥပဒေတရပ်ဖြစ်သည့် သက်သာခွင့်ဥပဒေ (Specific Relief Act) ပုဒ်မ ၄၅ အရ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး၊ ရုံးခန်းများ ပြန်ဖွင့်ရေးအတွက် ဗဟိုတရားရုံးချုပ် (ရန်ကုန်၊ မန္တလေး) များသို့ တင်ပြခဲ့သည်ကိုလည်း အကြောင်းပြချက်ပေးခြင်းမရှိဘဲ ပယ်ချခဲ့ခြင်း။

ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာ ပေါ်လီဆာဂျီယိုပီညဲရိုး၏ 'ဒီပဲယင်းလုပ်ကြံမှု ကို ကော်မရှင်ဖွဲ့၍ စုံစမ်းစစ်ဆေးဖော်ထုတ်ပေးရန် တင်ပြချက်ကိုလည်းကောင်း၊ ၂၀၀၃ခုနှစ် ဧပြီ ၁၆ ရက် လူ့အခွင့်အရေးကော်မရှင်ဆုံးဖြတ်ချက် ၂၀၀၃/၁၂ ကို လည်းကောင်း ယနေ့တိုင်ပစ်ပယ်ထားခြင်း။

ပြည်တွင်း၌ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် နယ်ပယ်အသီးသီးတွင် တနေ့တခြား ပိုမိုဆိုးဝါးစွာ ဆုတ်ယုတ်ကျဆင်းနေခြင်း။

၂၀၀၃ APEC အစည်းအဝေးတွင်လည်းကောင်း၊ ARF ညီလာခံတွင်လည်းကောင်း၊ ထိုင်းနိုင်ငံတွင်ကျင်းပသည့် Bangkok Process တွင်လည်းကောင်း အကြိမ်ကြိမ်ပေးခဲ့သော ကတိများကို မျက်နှာပြောင်တိုက်၍ ထပ်တလဲလဲ ချိုးဖောက်နေခြင်း။

– စသည့်အချက်များကို တွေ့မြင်နေကြရပါသည်။

၅။ တိုင်းပြည်၏ လက်ရှိရင်ဆိုင်ကြုံတွေ့နေသော အကျပ်အတည်းများကို ဖြေရှင်းကျော်လွှားနိုင်ဖို့ဆိုလျှင် အမျိုးသား ကျေပြန်းမှုအနည်းဆုံး၊ သွေးမြေကျမှုအနည်းဆုံးဖြစ်သည့် နိုင်ငံရေးအရ စစ်မှန်သောတွေ့ဆုံဆွေးနွေးရေးနည်းလမ်းဖြင့် အဖြေရှာကြရမည်ဖြစ်ပါသည်။

စစ်မှန်သော တွေ့ဆုံဆွေးနွေးမှုဖြစ်ပေါ်ဖို့ဆိုလျှင် လုံလောက်သောနိုင်ငံရေးဝန်းကျင်ရှိဖို့ လိုအပ်ပါသည်။ ထို့ အတွက် နအဖ စစ်အစိုးရသည်–

– ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးအပါအဝင် နိုင်ငံရေးအကျဉ်းသားများကို ချွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်

– NLD ရုံးခန်းများ ပြန်ဖွင့်ခွင့်ပေးပြီး နိုင်ငံရေးလှုပ်ရှားမှုများ လွတ်လပ်စွာဆောင်ရွက်ခွင့်ပြုရန်

– နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများအားလုံး လွတ်လပ်စွာ နိုင်ငံရေးလှုပ်ရှားခွင့်ပြုရန်

– နိုင်ငံသားတိုင်း နိုင်ငံရေးလှုပ်ရှားမှုများတွင် အကြောင့်ကြမဲ့ လွတ်လပ်စွာပါဝင်ခွင့်ပြုရန်

– လွတ်လပ်စွာ ရေးသား ပုံနှိပ် ဖြန့်ဝေခွင့်ပြုရန်

စသည်တို့ကို ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

ထိုအခြေအနေများအောက်မှ (၁) ပထမဦးစွာ ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်သော NLD နှင့် နအဖတို့ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရမည်ဖြစ်ပြီး (၂) တဆက်တည်းတွင် နိုင်ငံရေးအင်အားစုအားလုံးပါဝင်ပြီး တန်းတူရည်တူ လွတ်လွတ်လပ်လပ် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး အဖြေရှာကြရမည် ဖြစ်ပါသည်။

၆။ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုသည်

– '၉၀ ခုနှစ်ရွေးကောက်ပွဲရလဒ်သည် ပြည်သူလူထုတရပ်လုံး၏ ဆန္ဒသဘောထားဖြစ်ခြင်းကြောင့် ၉၀ ရလဒ်ကို မျက်ကွယ်ပြုခြင်းသည် လူထုဆန္ဒကို မျက်ကွယ်ပြုခြင်းဖြစ်သည်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် လူထုဆန္ဒကို ဘယ်သောအခါမှ သစ္စာမဖောက်' ဟူသည့် ဒေါ်အောင်ဆန်းစုကြည်၏ သဘောထားကိုလည်းကောင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့် NLD

အနေဖြင့် ယနေ့အခြေအနေ၏ တပ်ဦးတွင်ရှိပြီး တရားဝင်ပါတီတရပ်လုပ်ပိုင်ခွင့်အတွင်းတွင် အစွမ်းကုန် ရှပ်ရှပ်ချွန်ချွန် လုပ်ကိုင်ဆောင်ရွက်နေခြင်းကိုလည်းကောင်း များစွာ တန်ဖိုးထား အသိအမှတ်ပြုပါသည်။

– ဦးခွန်ထွန်းဦးခေါင်းဆောင်သော SNLD သည်လည်းကောင်း၊ ၉ ပါတီစုစည်းထားသည့် UNA သည် လည်းကောင်း၊ ၂၁ ပါတီ စုစည်းထားသည့် UNLD သည်လည်းကောင်း ယနေ့အခြေအနေပေါ်တွင် ကြံ့ကြံ့ခံရပ်တည်ပြီး ၉၀ ရလဒ် အကောင်အထည်ဖော်ရေး၊ တွေ့ဆုံဆွေးနွေးရေးကို တစိုက်မတ်မတ် တင်ပြတောင်းဆို တိုက်ပွဲဝင်နေခြင်းကို အလေးအနက် ဂုဏ်ပြုအပ်ပါသည်။

– ဝါရင့်နိုင်ငံရေးသမားကြီးများ၏ သဘောထားအမြင်၊ တောင်းဆိုမှုများဖြစ်သည့် — ဒီမိုကရေစီရရှိရေးကြိုးပမ်းမှုသည် လွယ်ကူချောမွေ့သည်ဖြစ်စေ၊ ခက်ခဲကြမ်းတမ်းသည်ဖြစ်စေ တဦးတယောက်တဖွဲ့တည်းကြိုးပမ်း၍ မရနိုင်၊ သမိုင်းပေး သင်ခန်းစာအရ တမျိုးသားလုံးစည်းလုံးညီညွတ်သည့် အမျိုးသားတပ်ပေါင်းစုကြီးတရပ်ပေါ်ပေါက်လာရန် အရေးတကြီး လိုအပ်နေသည် — ဆိုခြင်းကို ထောက်ခံ သဘောတူပါသည်။

၇။ ဝါရင့်နိုင်ငံရေးသမားကြီးများ တင်ပြထားသကဲ့သို့ NLD ကိုဝန်းရံသော အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုတရပ် ဖွဲ့စည်းနိုင်ဖို့ အင်အားစုအသီးသီးမှ အစွမ်းကုန် အားထုတ်ကြဖို့လိုအပ်ပါသည်။ သို့မှသာ မည်သို့သောအနေအထားတွင် ဖြစ်စေ လူမျိုးစုံပြည်သူလူထု၏ ကြီးမားသောအင်အားကိုရယူကာ ယနေ့ ကျွန်ုပ်တို့ပခုံးပေါ်သို့ ကျရောက်နေသည့် အမျိုးသားရေးတာဝန်များကို လူထုကြီး၏တပ်ဦးမှ ကျေပြွန်စွာ ထမ်းဆောင်သွားနိုင်ပေမည်။

စစ်မှန်သောတွေ့ဆုံဆွေးနွေးရေးနည်းဖြင့် အခြေအနေအရပ်ရပ်ကို ဖြေရှင်းသွားရေးဟူသောနည်းနာသည် ကုလ သမဂ္ဂ အထွေထွေညီလာခံမှ နှစ်စဉ်ဆက်တိုက် ဆုံးဖြတ်ပေးခဲ့သော နည်းနာဖြစ်ရုံသာမက ၁၇–၈–၂၀၀၄ နေ့က ထုတ်ပြန် သည့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ တိုက်တွန်းချက်တွင်ပါ အတိအလင်း ထပ်လောင်း အလေးအနက်ပြု ထားသော နည်းနာဖြစ်ပါသည်။ နိုင်ငံရေးအရ စစ်မှန်သောတွေ့ဆုံဆွေးနွေးရေးစားပွဲဝိုင်းပေါ်သို့ နအဖ စစ်အုပ်စု အမြန်ဆုံး တက်ရောက်လာရေးအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဝန်းရံသော အမျိုးသားနိုင်ငံရေးတပ်ပေါင်းစုကြီးသည် ခြေလှမ်းရှိရှိ၊ နည်းနာကွယ်ကွယ်ဖြင့် လူထု၏အားကိုမဏ္ဍိုင်ပြုကာ ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ကျွန်ုပ်တို့ အလေးအနက် ယုံကြည်ပါသည်။

လွတ်မြောက်နယ်မြေရှိ ဒီမိုကရေစီအင်အားစုအသီးသီးကလည်း ပြည်တွင်းအမျိုးသားနိုင်ငံရေးတပ်ပေါင်းစုကြီးအား နည်းသဏ္ဍာန်အမျိုးမျိုးဖြင့် ဟန်ချက်ညီညီ ပေါင်းစပ် လက်တွဲဆောင်ရွက်ကြရန် အသင့်ရှိနေကြပါသည်။ နိုင်ငံတကာရောက် ဒီမိုကရေစီအင်အားစုများကလည်း နိုင်ငံတကာမှ စစ်အစိုးရအပေါ်ဖိအားပေးမှုများ၊ မြန်မာပြည်သူတို့အပေါ် စာနာ ထောက်ခံမှုများ ပိုမိုရရှိလာစေရန်အတွက် အစွမ်းကုန် အားထုတ်ဆောင်ရွက်နေကြပါသည်။ သို့ဖြစ်၍–

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါဝင်သော (သို့) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုဝန်းရံသော ပြည်တွင်း အမျိုးသားနိုင်ငံရေးတပ်ပေါင်းစုကြီးတရပ် အမြန်ဆုံး ပေါ်ပေါက်လာနိုင်ရေးအတွက် နိုင်ငံရေးအင်အားစု အသီးသီးအားလည်းကောင်း၊ ပြည်သူလူထုကြီးအားလည်းကောင်း လှိုက်လှိုက်လှဲလှဲ တိုက်တွန်းအပ်ပါသည်။**

ယနေ့ရင်ဆိုင်ကြုံတွေ့နေရသည့် နိုင်ငံရေးအခြေအနေဆိုးကြီးကို ကျော်လွှားနိုင်ရန်အတွက်–

(၁) ပြည်တွင်း လူထုလှုပ်ရှားမှုကို အရှိန်မြှင့်ဆောင်ရွက်ခြင်း (၂) လွတ်မြောက်နယ်မြေ ဒီမိုကရေစီအင်အားစုအသီးသီး၏ ပေါင်းစပ်လက်တွဲလုပ်ကိုင်ခြင်း (၃) နိုင်ငံတကာ၏ စာနာထောက်ခံမှုကို ပိုမိုရရှိစေရန် အားထုတ်ကြိုးပမ်းခြင်း

– စသည့်လုပ်ငန်းတာဝန်များကို နယ်ပယ်အသီးသီးရှိ ဒီမိုကရေစီအင်အားစုအားလုံးက ဟန်ချက်ညီညီ အစွမ်းကုန် ကြိုးစားဆောင်ရွက်ကြခြင်းဖြင့် ပြည်သူလူထုကြီးနှင့်အတူ တက်ကုန်ရွက်ကုန်ဖွင့်ပြီး လက်တွဲ တိုက်ပွဲဝင်ကြပါစို့။ ။

မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစု (Forum for Democracy in Burma)